# အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ

# ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ

# (၂၀၁၅ ခုနှစ်)

# မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | အခန်း(၁) | နိဒါန်း | ၁–၂ |
| ၂။ | အခန်း(၂) | မျှော်မှန်းချက်နှင့် ရည်မှန်းချက် | ၂–၃ |
| ၃။ | အခန်း(၃) | ရည်ရွယ်ချက်များ | ၃–၄ |
| ၄။ | အခန်း(၄) | အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု | ၅ |
| ၅။ | အခန်း(၅) | အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ အတွက် ရင်ဆိုင်ဖြေရှင်းရမည့် အဟန့်အတားများ | ၅ |
| ၆။ | အခန်း(၆) | စီးပွားရေးလုပ်ငန်း ဝန်းကျင်ကောင်းဖြစ်ပေါ်ရေး အတွက် အထူးအလေးထားရမည့် အချက်များ | ၆–၇ |
| ၇။ | အခန်း(၇) | မူဝါဒများ | ၇–၁၇ |

- အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး
- လုပ်သာကိုင်သာရှိသောစီးပွားရေးဝန်းကျင်ကောင်းများ ရရှိစေရေး
- စီးပွားရေးဝန်ဆောင်မှုလုပ်ငန်းများ
- စီးပွားရေးလုပ်ငန်းဆိုင်ရာသင်တန်း
- နည်းပညာဖွံ့ဖြိုးမှုနှင့် တီထွင်ဖန်တီးတတ်မှု
- သတင်းအချက်အလက်
- လူ့စွမ်းအားအရင်းအမြစ်
- လုပ်ငန်းဈေးကွက် အထောက်အကူပေးခြင်း
- ငွေကြေးအရင်းအမြစ်
- သင့်လျော်သော အခွန်အကောက်နှင့် လုပ်ထုံးလုပ်နည်းများ
- ဥပဒေနှင့် လုပ်ထုံးလုပ်နည်းမူဘောင်
- အဖွဲ့အစည်းနှင့် လုပ်ငန်းတူအစုအဖွဲ့များ ဖွံ့ဖြိုးတိုးတက်ရေး
- ကျေးလက်ဒေသ စီးပွားရေးနှင့် ကုန်ထုတ်လုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးရေး

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၈။ | အခန်း(၈) | အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်း အောင်မြင်စီ၏အခန်းကဏ္ဍ | ၁၇–၁၉ |
| ၉။ | အခန်း(၉) | ပုဂ္ဂလိကနှင့် အဖွဲ့အစည်းများ<br>- ပုဂ္ဂလိက ကဏ္ဍ<br>- စီးပွားရေးဆိုင်ရာပုဂ္ဂလိကအဖွဲ့အစည်းများ | ၁၉–၂၁ |
| ၁၀။ | အခန်း(၁၀) | အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်များ သတ်မှတ်ခြင်း | ၂၁–၂၂ |
| ၁၁။ | အခန်း(၁၁) | ဦးစားပေးဆောင်ရွက်သင့်သည့် စီးပွားရေး လုပ်ငန်းများ | ၂၂–၂၄ |
| ၁၂။ | အခန်း(၁၂) | မူဝါဒစိစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း | ၂၄ |
| ၁၃။ | အခန်း(၁၃) | နိဂုံး | ၂၅ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ

# (၂၀၁၅)

# အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ

## အခန်း(၁)

## နိဒါန်း

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ပြောင်းလဲနေသောခေတ်စနစ် နှင့် အညီ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးစသည့်ကဏ္ဍများ၏ တိုးတက်ပြုပြင် ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အပြင် ပုဂ္ဂလိက စီးပွားရေး က ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အားပေးမြှင့်တင်ပေးလျက် ရှိပါသည်။ မြန်မာနိုင်ငံ၏ သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ်ပေါကြွယ်ဝမှု၊ ဒေသတွင်း အချက်အချာ ကျသောနေရာတွင် တည်ရှိနေမှုစသည့် အားသာချက်များသည် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် အထူးအားရဖွယ် အခွင့်အလမ်းကောင်းများဖြစ်နေပြီး ယခုအချိန် အခါသည် အာရှဒေသတွင်း၌ စီးပွားရေးရင်းနှီးမြှုပ်နှံရန် အကောင်းဆုံး နိုင်ငံအဖြစ် ပြည်ပနိုင်ငံများမှ အသိအမှတ်ပြုလျက် ရှိပါသည်။

၂။ တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် အလွန်ပင်အရေးပါပြီး ဖွံ့ဖြိုးဆဲနိုင်ငံများသာမက ဖွံ့ဖြိုး ပြီးနိုင်ငံများပါ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပေါ်ပေါက်ရှင်သန် အားကောင်းစေရေးအတွက် အထူးအလေးထား ဆောင်ရွက်နေကြခြင်း ဖြစ်ပါသည်။ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများသည် ပုဂ္ဂလိကစီးပွားရေး ကဏ္ဍ၏ ကျောထောက်နောက်ခံဖြစ်သကဲ့သို့ တီထွင်စမ်းသပ်မှုများ၏ အဓိကအရင်း အမြစ်များ ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှုရှိခြင်းနှင့် ဆင်းရဲနွမ်းပါးမှုများ လျော့ချနိုင်သည့်အပြင် စွန့်ဦးတီထွင်မှု၊ ဈေးကွက်လိုအပ်ချက်များနှင့် စိန်ခေါ်မှုများကို လည်းတုံ့ပြန်နိုင်စွမ်းရှိပါသည်။ ထို့ကြောင့် စီးပွားရေးမတည်ငြိမ်မှု ကာလများတွင် လည်းဖွံ့ဖြိုးတိုးတက်မှုအား ထိန်းကျောင်းပေးနိုင်သောကြောင့် နိုင်ငံ၏ဖွံ့ဖြိုး တိုးတက် မှုအတွက် မောင်းနှင်အားလည်း ဖြစ်ပါသည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံ အဖြစ်မှ စက်မှုထွန်းကားသည့်နိုင်ငံအဖြစ်သို့ တက်လှမ်းရန်ကြိုးပမ်း ဆောင်ရွက်လျက် ရှိသည့်အပြင် ယခင်က အစိုးရကဏ္ဍကို ဗဟိုပြုခဲ့သည်မှ ယခုအခါ ပုဂ္ဂလိကကဏ္ဍကို ဗဟိုပြုသည့်စီးပွားရေးသို့ အသွင်ကူးပြောင်းကာလတွင် နိုင်ငံ၏လူမှုရေးနှင့် စီးပွား ရေးအတွက်အရေးပါသော၊ အထောက်အကူများပေးလျက်ရှိသော ပုဂ္ဂလိကအသေးစား နှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ရှင်သန်အားကောင်းလာ စေရန်၊ အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် ပါဝင်နိုင်ပြီး လွတ်လပ်သော ကုန်သွယ်

မှု သဘောတူညီချက်အတိုင်း လိုက်နာပါဝင်ဆောင်ရွက်နိုင်စေရန်နှင့် အာရှနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကို ချမှတ်လိုက်ပါသည်။

## အခန်း(၂)

## မျှော်မှန်းချက်နှင့် ရည်မှန်းချက်

### မျှော်မှန်းချက်

၄။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ၏ မျှော်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ကမ္ဘာ့အသီးသီးရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် ဒေသတွင်း စီးပွားရေးကွန်ရက်အတွင်း၌ တီထွင်ဆန်းသစ်မှုနှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကောင်းများမြင့်မားလာပြီး၊ နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းတိုးပွားရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးဆောင်သွားနိုင်ရန်ဖြစ်သည်။

### ရည်မှန်းချက်

၅။ ဤမူဝါဒ၏ ရည်မှန်းချက်မှာ ယှဉ်ပြိုင်နိုင်စွမ်းနှင့်တီထွင်ဆန်းသစ်မှုရှိသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ရှင်သန်တိုးတက်စေရန်အတွက် လှုံ့ဆော်ပေးရန်ဖြစ်ပြီး၊ ယင်းရည်မှန်းချက်များ အောင်မြင်စေရန်အတွက် အောက်ပါအချက်များကို အထောက်အပံ့ပေးရမည်-

(က) လူ့စွမ်းအားအရင်းအမြစ်၊

(ခ) နည်းပညာဖွံ့ဖြိုးမှုနှင့် တီထွင်ဖန်တီးတတ်မှု၊

(ဂ) ငွေကြေးအရင်းအမြစ်၊

(ဃ) အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊

(င) ဈေးကွက်ရရှိရေး၊

(စ) သင့်လျော်သော အခွန်အကောက်နှင့် လုပ်ထုံးလုပ်နည်းများ၊

(ဆ) လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်ကောင်းများ၊

၆။ မူဝါဒ၏ ရည်မှန်းချက် တာဝန်များမှာ အောက်ပါ အတိုင်းဖြစ်သည် -

(က) လုပ်ငန်းသစ်များ အစပျိုးရာတွင် တွေ့ကြုံရမည့် အခက်အခဲအတားအဆီးများ လျော့ချရန်၊

( ခ ) ရင်းနှီးမတည်ငွေ စီးဆင်းမှုချောမွေ့စေရန်၊

( ဂ ) ပညာပေးခြင်း၊ သင်တန်းပေးခြင်းဖြင့် စွန့်ဦးတီထွင်မှုလုပ်ငန်းများ အားကောင်းစေရန်၊

(ဃ) သတင်းကွန်ရက်နှင့် သတင်းအချက်အလက်ဖြန့်ဝေမှု အားကောင်းစေရန်၊

( င ) လုပ်ငန်းဆောင်ရွက်မှုချောမွေ့စေရန်၊

## အခန်း(၃)

## ရည်ရွယ်ချက်များ

၇။ မူဝါဒ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စိုက်ပျိုးရေးကိုအခြေခံပြီး အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အဓိကထား ဆောင်ရွက်ခြင်းဖြင့် စက်မှုထွန်းကားသည့် နိုင်ငံအဖြစ်တက်လှမ်းရန်၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်နှင့် ထုတ်လုပ်မှုစွမ်းအားများ တိုးတက်လာစေရန်နှင့် တိုင်းပြည်စီးပွားရေး၏ ကျောရိုးမဏ္ဍိုင်သဖွယ် ဖြစ်လာစေရန်၊

( ခ ) အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာစေရန်၊

( ဂ ) ကျေးလက်ဒေသ ထွက်ကုန်များအား တန်ဖိုးမြှင့် ထွက်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရေးကို တွန်းအားပေးကူညီရန်၊

(ဃ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ခြင်းဖြင့် ထိုက်သင့်သော ပြည်တွင်းအသားတင်ထုတ်လုပ်မှု တန်ဖိုးပါဝင်မှု အချိုးတိုးမြှင့်နိုင်စေရန်၊

(င) နိုင်ငံတစ်ဝန်းရှိ ဒေသထွက်ကုန်များ ဈေးကွက်ရရှိရေးအတွက် အရည်အသွေးရှိ တန်ဖိုးမြင့် ပို့ကုန်များနှင့် သွင်းကုန်အစားထိုး ထုတ်ကုန်များအား ထုတ်လုပ်နိုင်မှု စွမ်းအားမြင့်မားလာစေရန်၊

(စ) ခေတ်မမီသော စီးပွားရေးလုပ်ဆောင်မှုပုံစံမှ အသိပညာအခြေခံသော စီးပွားရေး ပုံစံသစ်ဆီသို့ကူးပြောင်း၍ အပြည်ပြည်ဆိုင်ရာနှင့် စီးပွားရေးပူးပေါင်း ပါဝင် ဆောင်ရွက်သွားနိုင်စေရန်၊

(ဆ) ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်းကြောင့်လည်းကောင်း၊ အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်အရ ကုန်စည်နှင့်ဝန်ဆောင်မှုများ လွတ်လပ်စွာစီးဝင်လာခြင်းကြောင့်လည်းကောင်း ဖြစ်ပေါ်လာမည့်အခြေအနေများတွင် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ထိခိုက်ပြိုလဲခြင်းမရှိစေရေးအတွက် အကူအညီ ပေးရန်၊

(ဇ) ပြည်တွင်း အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အချင်းချင်းသော်လည်းကောင်း၊ ပြည်တွင်း အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် အကြီးစားလုပ်ငန်းများအကြားတွင်လည်းကောင်း၊ ပြည်တွင်းအသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအကြားတွင် လည်းကောင်း၊ အသိပညာမျှဝေရေးနှင့် စီးပွားရေးချိတ်ဆက်မှုများ မြှင့်တင်ရန်၊

(ဈ) နိုင်ငံတစ်ဝှမ်းရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းအရေအတွက်နှင့် ယင်းတို့၏ တိကျမှန်ကန်သော မတည်ရင်းနှီးငွေ၊ လုပ်သားအင်အား၊ ထုတ်လုပ်မှုနှင့် အသားတင်ဝင်ငွေစသည့် စာရင်းအင်းများ တိကျစွာကောက်ယူနိုင်ရေးကို ဦးစားပေး ဆောင်ရွက်ရန်၊

(ည) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုဖြစ်ထွန်းပေါ်ပေါက်လာစေရေးနှင့် ရှိပြီးအိမ်တွင်းစီးပွားရေးနှင့် စက်မှုလက်မှုလုပ်ငန်းအဆင့်မှ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းအဆင့်သို့လည်းကောင်း၊ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများကို အကြီးစားစီးပွားရေး လုပ်ငန်းအဆင့်သို့လည်းကောင်း ရောက်ရှိစေရန်။

## အခန်း(၄)

## အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု

၈။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ အဓိပ္ပါယ်ဖွင့်ဆိုချက်အတိုင်း စီးပွားရေးလုပ်ငန်းများကို အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) ထုတ်လုပ်မှုလုပ်ငန်းများ၊

(ခ) လုပ်အားအခြေပြုလုပ်ငန်းများ၊

(ဂ) လက်ကားရောင်းဝယ်ရေးလုပ်ငန်းကိုအဓိကလုပ်ကိုင်သောလုပ်ငန်းများ၊

(ဃ) လက်လီရောင်းဝယ်ရေးလုပ်ငန်းကို အဓိက လုပ်ကိုင်သော လုပ်ငန်းများ၊

(င) ဝန်ဆောင်မှုပေးသည့် လုပ်ငန်းကို အဓိကလုပ်ကိုင်သောလုပ်ငန်းများ၊

(စ) အခြားလုပ်ငန်းများ၊

## အခန်း(၅)

## အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ရင်ဆိုင်ဖြေရှင်းရမည့် အဟန့်အတားများ

၉။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကရင်ဆိုင်ကြုံတွေ့နေရသော အဟန့်အတားအခက်အခဲများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ငွေကြေးအရင်းအနှီးရရှိမှု အခက်အခဲများ

(ခ) နည်းပညာလွှဲပြောင်းရရှိရေး အခက်အခဲများ

(ဂ) ပြည်တွင်းပြည်ပ ဈေးကွက်ထိုးဖောက်နိုင်မှု အားနည်းချက်များ

(ဃ) နည်းပညာနှင့်ကျွမ်းကျင်မှု နိမ့်ကျနေခြင်းများ

(င) အချိန်နှင့် တစ်ပြေးညီ သတင်းအချက်အလက်ရရှိမှု အခက်အခဲများ

(စ) စီမံခန့်ခွဲမှု နှင့် ပူးပေါင်းဆောင်ရွက်ရေး အားနည်းမှုများ

(ဆ) စီးပွားရေး ဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ

(ဇ) အခွန်အကောက်သင့်တင့်မျှတမှုနှင့် အထူးအခွင့်အရေးလိုအပ်ချက်များ

(ဈ) ယှဉ်ပြိုင်နိုင်စွမ်းအတွက် အခွင့်အရေး တန်းတူညီမျှမှု မရှိခြင်း

(ည) အခြေခံ အဆောက်အအုံ လိုအပ်ချက်များ မရရှိနိုင်ခြင်းများ

(ဋ) လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်ကောင်းများ ဖော်ဆောင်ပေးနိုင်မှု အားနည်းခြင်းများ

## အခန်း (၆)

## စီးပွားရေးလုပ်ငန်းဝန်းကျင်ကောင်းဖြစ်ပေါ်ရေးအတွက် အထူးအလေးထားရမည့် အချက်များ

၁၀။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ရာတွင် အဟန့်အတားသဖွယ်ဖြစ်နေသော အောက်ပါအချက်များကို အထူး အလေးထားရမည်-

(က) အာဆီယံ စီးပွားရေးအသိုက်အဝန်း အကောင်အထည်ဖော်ပြီးနောက် ကြုံတွေ့လာမည့် စိန်ခေါ်မှုများ၊

(ခ) ဈေးကွက်ရရှိရေးအတွက် ယှဉ်ပြိုင်ကြရာတွင် ရှိလာမည့် ကုန်သွယ်မှု ဆိုင်ရာ မသမာမှုများ၊

(ဂ) ရင်းနှီးမြှုပ်နှံရန် မတတ်နိုင်သော အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်း တည်ထောင်လိုသည့် နည်းပညာရှင်များအတွက် ခွင့်ပြုပေး ထားသော မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးများကို အသုံးချ၍ ကိုယ်ကျိုးရှာ မည့် စီးပွားရေးသမားများ၏ မသမာသောလုပ်ရပ်များ၊

(ဃ) နည်းပညာ ထောက်ပံ့မှုနှင့် ငွေကြေးထောက်ပံ့မှုအတွက် ကြိုတင် စိုက်ထုတ်ပေးရမည့် ငွေလုံးငွေရင်းမတည်မှုများ၊

(င) ရေဆိုးများ ပြုပြင်သန့်စင်ပြီးနောက် စွန့်ပစ်ခြင်းနှင့် စွန့်ပစ်မှုဆိုင်ရာ အားနည်းချက်များ၊

(စ) စွန့်ပစ်ပစ္စည်း အစိုင်အခဲ၊ အရည်၊ အခိုးအငွေ့များကို ပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် စွန့်ပစ်ရေးသင့်လျော်သည့် နည်းလမ်း များနှင့် နည်းပညာများ အသုံးပြု၍ စီမံဆောင်ရွက်ခြင်း၊

(ဆ) ဖန်လုံအိမ်ဓာတ်ငွေ့ အပါအဝင် အဆိပ်အတောက်ဖြစ်စေသည့် ဓာတ်ငွေ့၊ အခိုးအငွေ့၊ အမှုန်အမွှားထုတ်လွှတ်ခြင်းကို ထိန်းချုပ်ခြင်း၊

(ဇ) လုပ်ငန်းဆောင်ရွက်ရန် ကြိုတင်ခွင့်ပြုချက်ရယူခြင်း သို့မဟုတ် ကနဦး ပတ်ဝန်းကျင် လေ့လာဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းကို ဆောင်ရွက်ခြင်း၊

(ဈ) လူမှုစီးပွားပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း၊ ကျန်းမာရေးထိခိုက်မှု ဆန်းစစ် ခြင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်နိုင်မှုကို ဆန်းစစ်ခြင်း တို့ကို ဆောင်ရွက်ခြင်း၊

## အခန်း(၇)

## မူဝါဒများ

၁၁။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ပြည်တွင်းအသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများကို အားပေးမြှင့်တင်ရန်နှင့် ဆင်းရဲနွမ်းပါးမှု လျော့နည်းစေရန်အတွက် အောက်ပါအချက်များကို ဆောင်ရွက်ရမည်-

(က) ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဈေးကွက်များသို့ ချိတ်ဆက် ဆောင်ရွက်နိုင်သည့် အထောက်အကူပြု စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်း၊

(ခ) နည်းပညာ၊ ဗဟုသုတလွှဲပြောင်းမျှဝေခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး တို့အတွက် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဂ) လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိ ရေးကို အားပေးမြှင့်တင်ခြင်း၊

(ဃ) သတင်းအချက်အလက်နှင့် သုတေသနလုပ်ငန်းများ မြှင့်တင်ပြီး အတားအဆီး အခက်အခဲများဖယ်ရှား၍ လွယ်ကူချောမွေ့အောင် အားပေး ဆောင်ရွက်ခြင်း၊

(င) စွန့်ဦးတီထွင်မှု လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်း၊

(စ) စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများ တိုးတက်ရေးဆောင်ရွက်ခြင်း၊

(ဆ) စွန့်ဦးတီထွင်သူများနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း များကို ဒေသအလိုက် စီးပွားရေးလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက် စေခြင်း၊

(ဈ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်မှုနှင့် ရေရှည်ရှင်သန်နိုင်မှုအား တိုးတက်စေသည့် စီးပွားရေး ဖွံ့ဖြိုးမှုပုံစံကို ဖြစ်ထွန်းစေခြင်း၊

(ည) သွင်းကုန် အစားထိုးစနစ်မှ ပို့ကုန်ဦးစားပေးစနစ်ကို ဦးတည်စေခြင်း၊

## အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး

၁၂။ အစိုးရသည် ရုပ်ဝတ္ထုဆိုင်ရာ အခြေခံအဆောက်အအုံများ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်မှုလိုအပ်ချက်များထိရောက်စွာ ထောက်ပံ့မှုတိုးတက်စေရေးအတွက် ဒေသဆိုင်ရာအာဏာပိုင်များနှင့်လည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍနှင့် လည်းကောင်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် လည်းကောင်း ပူးပေါင်း၍ အောက်ပါနည်းလမ်းများကိုအကောင်အထည်ဖော် ဆောင်ရွက်နိုင်သည် -

(က) အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန် ရင်းနှီးတည်ဆောက်သူများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်း၊

(ခ) ပုဂ္ဂလိကနှင့်အစိုးရပူးပေါင်းဆောင်ရွက်မှုစနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်း၊

(ဂ) ဖက်စပ်စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်း၊

## လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်ကောင်းများရရှိစေရေး

၁၃။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်ကောင်းများ ရရှိစေရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) ငွေကြေးအရင်းအနှီး ရရှိရေးအတွက် ဘဏ်များနှင့်ငွေချေးလုပ်ငန်းများကို အားပေးမြှင့်တင် ကူညီပံ့ပိုးပေးခြင်း၊

(ခ) ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုဖြင့် နည်းပညာသင်တန်းများ၊ အသက်မွေးဝမ်းကျောင်း ပညာပေးသင်တန်းများ၊ စီမံခန့်ခွဲရေးဆိုင်ရာနှင့် ထုတ်လုပ်မှုဆိုင်ရာ သင်တန်းများ၊ ဟောပြောပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဂ) သုတေသနဌာနများ၊ စီးပွားရေးလုပ်ငန်းများ ပြုစုပျိုးထောင်ရေးဌာနများ၊ ဉာဏပစ္စည်း အသိအမှတ်ပြုဌာနများ၊ ဖွံ့ဖြိုးစေရန်နှင့် ပူးပေါင်းဆောင်ရွက်မှု မြင့်မားလာစေရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

**စီးပွားရေးဝန်ဆောင်မှုလုပ်ငန်းများ**

၁၄။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အတွက် စီးပွားရေးဝန်ဆောင်မှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရမည်-

(က) အစိုးရသည် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် ဥပဒေဆိုင်ရာကိစ္စရပ်များ၊ စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များ၊ နည်းပညာဆိုင်ရာကိစ္စရပ် များ၊ အရည်အသွေးအာမခံချက်ဆိုင်ရာ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရေးကိစ္စရပ်များ စသည့် စီးပွားရေး ဝန်ဆောင်မှုလုပ်ငန်းများ လွယ်ကူစွာ လုပ်ငန်းဆောင်ရွက်နိုင်ရန် နှင့် အသိအမှတ်ပြုလက်မှတ်များ ရရှိစေရန်စီစဉ်ပေးခြင်း၊

(ခ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့်ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ နည်းပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အတိုင်ပင်ခံဌာနများ၊ ဈေးကွက်နှင့် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက် ဖြန့်ဖြူးရေးဌာနများစသည့် စီးပွားရေး ဝန်ဆောင်မှု လုပ်ငန်းများ တည်ထောင်ပံ့ပိုးပေးခြင်း၊

**စီးပွားရေးလုပ်ငန်းဆိုင်ရာသင်တန်း**

၁၅။ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများ၏ အရည်အချင်းများကို မြှင့်တင်ရေးအတွက် အောက်ပါတို့ကို ဆောင်ရွက် ရမည်-

(က) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း သင်တန်းများဆိုင်ရာ အဖွဲ့အစည်းများကို အဆင့်မြှင့်တင်ပေးရန်အတွက် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ခ) အစိုးရနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများပူးပေါင်း၍ ကုန်ထုတ်လုပ်မှုနည်းပညာ၊ အရည်အသွေးထိန်းသိမ်းမှုနည်းပညာ စသည့် ကျွမ်းကျင်မှု သင်တန်းများ ဆောင်ရွက်ပေးခြင်း၊

(ဂ) ထုတ်ကုန်အရည်အသွေး တိုးတက်ကောင်းမွန်ရေးနှင့် နည်းပညာအသစ်များ သိရှိအသုံးပြုတတ်စေရေးတို့အတွက် တက္ကသိုလ်များ၊ သုတေသနဌာနများနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအကြား သုတေသနနှင့် နည်းပညာလုပ်ငန်းများကို လွတ်လပ်စွာ ပူးပေါင်းဆောင်ရွက်ရန် ခွင့်ပြုခြင်း၊

(ဃ) ဘဏ္ဍာရေး၊ စီမံခန့်ခွဲရေး၊ ဈေးကွက်ရှာဖွေရေးနှင့် ထိုးဖောက်ရေး၊ ဈေးကွက်ချဲ့ထွင်ရေး စသည့် သင်တန်းများပေးခြင်း၊

(င) အစိုးရ သို့မဟုတ် အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီဖြင့် ခေတ်မီနည်းပညာသင်တန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊

## နည်းပညာဖွံ့ဖြိုးမှုနှင့် တီထွင်ဖန်တီးတတ်မှု

၁၆။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် တီထွင်ကြံဆမှုတိုးတက်လာစေရန်၊ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သော သင့်လျော်သည့် နည်းပညာများကို ရှာဖွေဖော်ထုတ်လွှဲပြောင်း ပေးခြင်း၊

(ခ) ကုန်ထုတ်လုပ်မှုဆိုင်ရာ နည်းပညာ အကြံဉာဏ်များပေးခြင်းနှင့် ခေတ်မီစက်ကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်ပညာပေးခြင်း၊

(ဂ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှ အရည်အသွေးနှင့် စံချိန်စံညွှန်းဆိုင်ရာ ဝန်ဆောင်မှုများအား အလွယ်တကူရရှိစေရန်နှင့် ဈေးကွက်လိုအပ်ချက်အတိုင်း နည်းပညာသစ်များဖြင့် ထုတ်လုပ်နိုင်ရန် SME များနှင့် ပူးပေါင်းဆောင်ရွက် ရေးကို မြှင့်တင်ပေးခြင်း၊

(ဃ) အစိုးရဌာနများနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများအကြား နည်းပညာ ပူးပေါင်း ဖလှယ်ဆောင်ရွက်ခြင်း၊

(င) ထိုက်တန်သော ချီးမြှောက်မှုများ စီစဉ်ပေးခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် တီထွင်ဖန်တီးမှုစွမ်းရည် မြှင့်တင်ပေးခြင်း၊

(စ) သုတေသနလုပ်ငန်းများမှ ရရှိလာသည့် နည်းပညာသစ်များကို စီးပွားဖြစ်ထုတ်လုပ်မှုတွင် အသုံးပြုနိုင်ရေးအတွက် အထောက်အပံ့များပေးခြင်း၊

## သတင်းအချက်အလက်

၁၇။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို လွယ်ကူချောမွေ့စွာ ရရှိစေရေးအတွက် အောက်ပါနည်းလမ်းများဖြင့် တိုးမြှင့် ဆောင်ရွက်နိုင်သည် -

(က) ဈေးကွက်ဆိုင်ရာ၊ နည်းပညာဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များ လွယ်ကူစွာရရှိရေးအတွက် ကွန်ရက်စနစ်များဖြင့် ပံ့ပိုးဆောင်ရွက်ပေး ခြင်းနှင့် အသိပညာပေးခြင်း၊

(ခ) သတင်း အချက်အလက်များကို သတင်းမီဒီယာများ မှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်ရေးအတွက် ဆောင်ရွက်ပေးခြင်း၊

(ဂ) သတင်း အချက်အလက်ဌာနများ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း အေဂျင်စီရုံးနှင့်ရုံးခွဲများ၊ အေဂျင်စီတို့တွင် သွင်းကုန် ထုတ်ကုန်များနှင့် ပတ်သက်သည့် နိုင်ငံတကာ ဈေးကွက်သတင်းများ၊ ပြည်တွင်း၊ ပြည်ပ သယ်ယူပို့ဆောင်ရေးဆိုင်ရာ သတင်း အချက်အလက်များ၊ ကုန်ပစ္စည်းဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များ၊ နိုင်ငံတကာငွေကြေး အခြေအနေများကိုစုစည်းပြီး အချက်အလက်များ လွယ်ကူလျင်မြန်စွာ ရရှိရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးခြင်း၊

## လူ့စွမ်းအားအရင်းအမြစ်

၁၈။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများတွင် လုပ်ကိုင်နေသော အခြေခံလုပ်သားများမှအစ အုပ်ချုပ်မှုပိုင်း စီမံခန့်ခွဲသူများသည် အဆိုပါစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရှင်သန်ရပ်တည်ရေးအတွက် အဓိကအရေးကြီးသော အခန်းကဏ္ဍတွင်ပါဝင်နေပါသည်။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်နှင့် တီထွင်ဖန်တီးနိုင်မှုစွမ်းရည်ကို အောက်ပါအတိုင်း ပံ့ပိုးမြှင့်တင်ပေးရမည်-

(က) နိုင်ငံတော်အစိုးရမှ တက္ကသိုလ်၊ ကောလိပ်၊ သင်တန်းကျောင်းများ၊ သုတေသနဌာနများသို့ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေများ ထောက်ပံ့ခြင်း၊

(ခ) သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်မည့် အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ပေးခြင်း၊

(ဂ) စွန့်ဦးတီထွင်သူများကို ပညာပေးဆွေးနွေးခြင်း၊ ကျွမ်းကျင်မှု သင်တန်းပေးခြင်းနှင့် အထူးအခွင့်အရေးပေးခြင်းဖြင့် စွမ်းရည်တိုးမြှင့်စေခြင်း၊

(ဃ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်စနစ်ဖြင့် ပံ့ပိုးခြင်း၊

(င) ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိကပိုင် စက်မှုသင်တန်းကျောင်း၊ စက်မှုသိပ္ပံများ ဖွင့်လှစ်စေခြင်း၊ အဆိုပါ သင်တန်းကျောင်းများမှ အောင်မြင်ပြီးသူများကို တက္ကသိုလ်အဆင့်သို့ ဆက်လက်တက်ရောက်နိုင်သည့် စနစ်ထူထောင်ပေးခြင်းနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှ လိုအပ်သည့် ကျွမ်းကျင်လုပ်သားများရရှိရေး ဆောင်ရွက်ခြင်း၊

(စ) စံချိန်စံညွှန်းနှင့်ကုန်သွယ်မှုဆိုင်ရာ သင်တန်းများအပါအဝင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများအား တိုးမြှင့်ဖွင့်လှစ်ပေးခြင်း၊

(ဆ) အသက်မွေးဝမ်းကျောင်း သင်တန်းကာလအတွင်း ပုဂ္ဂလိကလုပ်ငန်း/ကုမ္ပဏီများနှင့် ချိတ်ဆက်၍ လက်တွေ့ ကွင်းဆင်းလေ့ကျင့်စေခြင်း၊

**လုပ်ငန်းဈေးကွက်အထောက်အကူပေးခြင်း**

၁၉။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဈေးကွက်မြှင့်တင်ရေးအတွက် အောက်ပါအထောက်အပံ့ အစီအစဉ်များ ဆောင်ရွက်ပေးနိုင်သည် -

(က) ဈေးကွက်ဆိုင်ရာ ယှဉ်ပြိုင်နိုင်မှု စွမ်းဆောင်ရည် မြင့်မားရေးအတွက် ဆောင်ရွက်ခြင်း၊

(ခ) ပို့ကုန်ဦးစားပေးလုပ်ငန်း ဆောင်ရွက်မှုများကို အားပေးခြင်း၊

(ဂ) နိုင်ငံတကာ လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းများကို အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ နားလည်စေရန်ဆောင်ရွက်ခြင်း၊

(ဃ) နိုင်ငံတကာကုန်ထုတ်လုပ်မှု ကွင်းဆက်ကို ချိတ်ဆက်မိစေမည့် စံနှုန်းသတ်မှတ်ချက်များ ဖော်ဆောင်ရေးစီစဉ်ပေးခြင်းနှင့် ကုန်သွယ်ရေးလွယ်ကူချောမွေ့စေရေး ဆောင်ရွက်ပေးခြင်း၊

(င)  လွယ်ကူချောမွေ့သော အကောက်ခွန်နှင့် ကုန်သွယ်မှု လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခြင်း၊

(စ)  ပြည်တွင်း ပြည်ပ ဥပဒေများအရ ကန့်သတ်သော ကုန်ပစ္စည်းများမှအပ အခြားပို့ကုန် သွင်းကုန်များအတွက် လိုင်စင်စနစ်များ ပယ်ဖျက်ခြင်း သို့မဟုတ် ဖြေလျှော့ပေးခြင်း၊

(ဆ)  ထုတ်ကုန် အရည်အသွေးနှင့် ဝန်ဆောင်မှုစွမ်းရည်ကို အဆင့်မြှင့်တင်သည့် နည်းပညာများ ဖော်ထုတ်ဆောင်ရွက်ခြင်း၊

(ဇ)  ဒေသတွင်းနှင့် နိုင်ငံတကာအဆင့် ထုတ်လုပ်မှုကွင်းဆက်တွင် ပါဝင်နိုင်ရန် ပံ့ပိုးပေးခြင်း၊

(ဈ)  နိုင်ငံတကာအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဈေးကွက်ဆိုင်ရာ သုတေသနများ ဆောင်ရွက်ပေးခြင်းနှင့် ဖြန့်ဝေခြင်း၊

**ငွေကြေးအရင်းအမြစ်**

၂၀။  အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ငွေကြေးဆိုင်ရာ လိုအပ်ချက်များကို အောက်ပါနည်းလမ်းများဖြင့် မြှင့်တင်ဆောင်ရွက်ပေးနိုင်သည် -

(က)  အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်နေသောချေးငွေအတွက် သက်သာသော အတိုးနှုန်းများဖြင့် ရရှိစေရန် ဆောင်ရွက်ပေးခြင်း၊

(ခ)  Venture Capital ဆိုင်ရာ စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်ရေး အတွက် အားပေးမြှင့်တင်ခြင်း၊

(ဂ)  ငွေချေးနိုင်မှုအဆင့် သတ်မှတ်ရေးစနစ်ကို အသုံးပြုပြီး ငွေချေးမည့် ဘဏ်များသို့ ထောက်ခံချက်ပေးခြင်း၊

(ဃ)  အာမခံကော်ပိုရေးရှင်း တည်ထောင်၍ အာမခံအချက်အလက်များ စိစစ်ပေးခြင်းနှင့် လိုအပ်သည့်အာမခံလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊

(င)  ချေးငွေရယူမှုဆိုင်ရာ အသိပညာပေးသင်တန်းများနှင့် ငွေကြေးစီးဆင်းမှု စီမံခန့်ခွဲရေးဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ ပေးခြင်း၊

(စ)  ချေးငွေကို မှန်ကန်စွာအသုံးပြုရေး ပညာပေးရေးနှင့် စိစစ်ခြင်း၊

## သင့်လျော်သောအခွန်အကောက်နှင့်လုပ်ထုံးလုပ်နည်းများ

၂၁။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ယှဉ်ပြိုင်နိုင်စွမ်းရည်ရှိစေရန်အတွက် အခွန်လျှော့ပေါ့ခြင်းနှင့် ကင်းလွတ်ခွင့်ပြုခြင်းတို့ကို ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်သည် -

(က) ကုန်ပစ္စည်းအသစ်ထုတ်လုပ်ရန် ကြိုးပမ်းခြင်း၊ သုတေသနပြုပြီး၊ တီထွင်ဆန်းသစ်သော ကုန်ပစ္စည်းအသစ်ထုတ်လုပ်ခြင်း၊ ဘေးထွက်ပစ္စည်းများနှင့် အလေအလွင့်ပစ္စည်းများမှ ကုန်ချောထုတ်လုပ်ခြင်း၊ စွမ်းအင်ချွေတာရေးနှင့် အကျိုးရှိစွာ အသုံးချရေးအတွက် အလုပ်ရုံအတွင်း ပြုပြင်ပြောင်းလဲခြင်းစသည့် စီးပွားရေးလုပ်ငန်းများအတွက် အခွန်သက်သာခွင့်ပေးခြင်း၊

(ခ) စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသောဒေသ၌ တည်ထောင်သော ဦးစားပေးစာရင်းဝင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား ကုန်ထုတ်လုပ်မှုစတင်သည့်နေ့မှ ကာလရှည် အထူးသက်သာခွင့် (သို့မဟုတ်) ကင်းလွတ်ခွင့်ပေးခြင်း၊

(ဂ) SME ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို စီးပွားရေး ဖွံ့ဖြိုးသောဒေသများ၌ တည်ထောင်ထားသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား ခံစားခွင့်ပြုခြင်း၊

(ဃ) သဘာဝ ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုရှိသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို သင့်လျော်သည့်ကာလအထိ အမြတ်ခွန်ကင်းလွတ်ခွင့် ပြုခြင်း၊

(င) လွယ်ကူချောမွေ့သော အကောက်ခွန်လုပ်ထုံး လုပ်နည်းများ ချမှတ်ပေးခြင်း၊ အကောက်ခွန်ဆိုင်ရာ သင်တန်းများပို့ချခြင်းနှင့် သတင်းအချက်အလက်များအား ထုတ်ပြန်ပေးခြင်း၊

## ဥပဒေနှင့် လုပ်ထုံးလုပ်နည်းမူဘောင်

၂၂။ အစိုးရဌာနများနှင့် ဆက်စပ်လုပ်ဆောင်ရသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းလုပ်ဆောင်မှု ရှင်းလင်းလွယ်ကူသောစနစ်များ ကျင့်သုံး လုပ်ကိုင်ဆောင်ရွက်သွားရန်၊ အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးနိုင်သည် -

(က) လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းစဉ်အဆင့်ဆင့်အား လွယ်ကူသည့် စနစ်ဖြစ်အောင် ဆောင်ရွက်ပေးခြင်း၊

(ခ) ဒေသအလိုက် တစ်နေရာတည်းဝန်ဆောင်မှုပေးခြင်း (OSSC) ဖြင့် လုပ်ငန်းများ လွယ်ကူအဆင်ပြေစေရန် ဆောင်ရွက်ပေးခြင်း၊

(ဂ) အွန်လိုင်း ဝန်ဆောင်မှုနှင့် သတင်းအချက်အလက်ဌာနများဖြင့် လိုအပ်သော သတင်းအချက်အလက်များရရှိအောင်ဆောင်ရွက်ပေးခြင်း၊

(ဃ) နေရာအနှံ့ ရွေ့လျားဝန်ဆောင်မှုဖြင့် လုပ်ငန်းများ လွယ်ကူအဆင်ပြေစေရန် ဆောင်ရွက်ပေးခြင်း၊

(င) မူပိုင်ခွင့် (Patent Right)၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် (Intellectual Property) နှင့် ကုန်ပစ္စည်းအမှတ်တံဆိပ်(Trademark)များ မှတ်ပုံတင်နိုင်ရေးအတွက် ဥပဒေနှင့် နည်းဥပဒေများ ချမှတ်ပေးပြီး တီထွင်ဆန်းသစ်နိုင်သော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား အထောက်အပံ့များပေးခြင်း၊

## အဖွဲ့အစည်းနှင့် လုပ်ငန်းတူအစုအဖွဲ့များ ဖွံ့ဖြိုးတိုးတက်ရေး

၂၃။ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ပေးသော အဖွဲ့အစည်းများ၊ လုပ်ငန်းတူအစုအဖွဲ့များ ပိုမိုခိုင်မာ တောင့်တင်းလာစေရန် အောက်ပါတို့ကိုဆောင်ရွက်ပေးရမည်-

(က) တိကျပြတ်သားသော စည်းမျဉ်းမူဘောင်များနှင့် လုပ်ပိုင်ခွင့်များခွဲဝေအပ်နှင်းထားသည့် အမျိုးသားအဆင့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်နှင့် ဒေသဆိုင်ရာအဆင့် အဖွဲ့အစည်းများကို ဖွဲ့စည်းတည်ထောင်ပေးခြင်း၊

(ခ) လက်ရှိဖွဲ့စည်းထားသော အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဂ) ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ချိတ်ဆက် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် တွန်းအားပေး ဆောင်ရွက်ခြင်း၊

(ဃ) စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များသည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ကြီးထွားလာစေရေး၊ ဖွံ့ဖြိုး တိုးတက်ရေးနှင့်ယင်းတို့၏ စီးပွားရေးအဆင့်အတန်းတိုးတက်ဖြစ်ထွန်း လာစေရေးတို့အတွက် တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) လုပ်ငန်းတူအစုအဖွဲ့ စက်မှုဇုန်များ တည်ထောင်နိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများနှင့် ပြည်ထောင်စု အစိုးရမှ ကူညီဆောင်ရွက်ပေးခြင်း၊

(စ) ပြည်တွင်း အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းတူ အစုအဖွဲ့ များနှင့် ပြည်တွင်း ပြည်ပ အကြီးစားစီးပွားရေးလုပ်ငန်းများအား ချိတ်ဆက်ပေးခြင်း၊

(ဆ) ကုန်သည် စက်မှုအသင်းချုပ်များ၊ စီးပွားရေး အသင်းအဖွဲ့များအား လုပ်ငန်းတူအစုအဖွဲ့ ထူထောင်ရေးဆိုင်ရာ သင်တန်းများဖွင့်လှစ်စေ၍ အဆိုပါ ထူထောင်ရေးလုပ်ငန်းများတွင် အကြံပေးများအဖြစ် ပါဝင် စေခြင်း၊

## ကျေးလက်ဒေသ စီးပွားရေးနှင့် ကုန်ထုတ်လုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးရေး

၂၄။ ကျေးလက်ဒေသ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုပါ စီးပွားရေးနှင့် ကုန်ထုတ်လုပ်ငန်းများ တည်ထောင်နိုင်ရေးနှင့် ရေရှည်တည်တံ့ရေး အတွက် အောက်ပါအတိုင်း ပံ့ပိုးပေးရမည်-

(က) တန်ဖိုးမြင့် ထွက်ကုန်များ ထုတ်လုပ်နိုင်ရန် နည်းပညာများနှင့် ငွေရေး ကြေးရေး ပံ့ပိုးပေးခြင်း၊

(ခ) လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ ထုတ်လုပ်မှုစွမ်းအားနှင့် ကျေးလက်ဒေသ ရှိ လယ်ယာစိုက်ပျိုးရေး အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် မှုကို မြှင့်တင်ပေးခြင်း၊

(ဂ) ကျေးရွာတစ်ရွာ ထွက်ကုန်တစ်မျိုး စနစ်ကျင့်သုံးရေးကို အားပေး ကူညီခြင်း၊

(ဃ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အားပေးကူညီခြင်း၊

(င) ကျေးလက်ဒေသများတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လျှပ်စစ်မီးရရှိရေး၊ စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးဆိုင်ရာများ တိုးတက်စေရန် ကူညီဆောင်ရွက်ပေးခြင်း၊

## အခန်း(၈)
## အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းအေဂျင်စီ၏ အခန်းကဏ္ဍ

၂၅။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ကြီးကြပ် ဆောင်ရွက်မည့် ဝန်ကြီးဌာနအနေဖြင့် လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း အေဂျင်စီတစ်ရပ်အား အလျင်အမြန်ဖွဲ့စည်းတည်ထောင်ရန်လိုအပ်ပြီး အောက်ပါ လုပ်ငန်းတာဝန်များအား အဓိကထားဆောင်ရွက်သွားရမည်-

(က) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ မှတ်ပုံတင်ခြင်း၊

(ခ) ငွေကြေးအရင်းအနှီး ထောက်ပံ့မှုများ ဆောင်ရွက်ခြင်း၊

(ဂ) ဈေးကွက် လေ့လာသုံးသပ်ခြင်းနှင့် သတင်းအချက်အလက်များ စုဆောင်းပံ့ပိုးခြင်း၊

(ဃ) လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်း၊

(င) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို တိုးမြှင့်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် (၄) လပတ်အလိုက်နှင့် နှစ်ပတ်လည် တိုးတက်မှုအစီရင်ခံစာကို လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ တင်သွင်း ခြင်း၊

(စ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ရာတွင် လုပ်ငန်းသဘာဝအလိုက် လက်ရှိတွေ့ကြုံနေရသော အားနည်းချက်များနှင့် ကွာဟချက်များကို ဆန်းစစ်၍ လျော့နည်းစေခြင်း၊

(ဆ) သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ဘဏ်များနှင့် ပူးပေါင်းလျက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ငွေကြေးထောက်ပံ့မှု တိုးမြှင့်ရရှိစေရန်အတွက် ငွေကြေးမဟုတ်သော ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးခြင်း၊

(ဓ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့်သက်ဆိုင်သည့် ကိန်းဂဏန်းဆိုင်ရာ စာရင်းများကို ကောက်ယူခြင်း၊ အဆင့်ဆင့်စစ်ဆေးခြင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်အရဖွံ့ဖြိုးအောင်ဆောင်ရွက်ရာတွင် အထောက်အကူပေးခြင်း၊

(ဈ) အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးရေးအေဂျင်စီများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရ မဟုတ်သည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊

(ည) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုးတက်ရေးနည်းလမ်းများ အကောင်အထည်ဖော်ရန်အတွက် ငွေကြေးအဖွဲ့အစည်းများနှင့် နီးကပ်စွာပူးပေါင်း ညှိနှိုင်းဆောင်ရွက်ခြင်း၊ အကြံဉာဏ်ရယူခြင်း၊

၂၆။ မှတ်ပုံတင်ခြင်းကို အောက်ပါစနစ်များနှင့်အညီ ဆောင်ရွက်ရမည်-

(က) လွယ်ကူမြန်ဆန်ပြီး ထိရောက်မှုရှိသော မှတ်ပုံတင်ခြင်းစနစ်၊

(ခ) တည်ရှိပြီး အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသို့ နေရာအရောက် သွားရောက်ဆောင်ရွက်သော နယ်လှည့် မှတ်ပုံတင်စနစ်၊

(ဂ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းလုပ်ငန်းအမျိုးမျိုးကို တစ်နေရာတည်းတွင် သက်ဆိုင်ရာဌာနကိုယ်စားလှယ်များ စုစည်း၍ မှတ်ပုံတင်ပေးသောစနစ်၊

(ဃ) အွန်လိုင်းမှတ်ပုံတင်ခြင်း၊

(င) စီးပွားရေးလုပ်ငန်းများအတွက် တည်ဆဲဥပဒေတွင် လိုင်စင်ရယူရန် ပြဋ္ဌာန်းထားသောလုပ်ငန်းများမှအပ အခြားစီးပွားရေးလုပ်ငန်းများအား လိုင်စင်ရယူရန် ကင်းလွတ်ခွင့်ပြုခြင်း၊

၂၇။ ငွေကြေးအရင်းအနှီး ထောက်ပံ့မှုများအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) အသေးစားငွေချေးလုပ်ငန်း၊

(ခ) ချေးငွေအာမခံစနစ်၊

(ဂ) စက်ပစ္စည်း ငှားဝယ်စနစ်၊

(ဃ) နှစ်ဆင့် ချေးငွေစနစ်၊

(င) ကုန်သွယ်အကြွေးစနစ်၊

(စ) စွန့်စားရင်းနှီးမြှုပ်နှံသူနှင့် အရင်းအနှီးမတည်ပေးသူများ ဖိတ်ခေါ်ခြင်း၊

၂၈။ မူဝါဒရေးဆွဲခြင်း၊ ဈေးကွက်ချဲ့ထွင်ခြင်းနှင့် အွန်လိုင်းကုန်သွယ်မှုစနစ် ဖွံ့ဖြိုးစေခြင်းတို့ကို အထောက်အကူပြုစေရန်အတွက် ဈေးကွက်လေ့လာသုံးသပ်ခြင်း၊ သုတေသနဆောင်ရွက်ခြင်းနှင့် သတင်းအချက်အလက်များ စုဆောင်းပံ့ပိုးခြင်းကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရမည်။

၂၉။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ မူဝါဒပြဋ္ဌာန်းချက်များနှင့်အညီ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ရမည်။

## အခန်း(၉)

## ပုဂ္ဂလိကနှင့် အဖွဲ့အစည်းများ

### ပုဂ္ဂလိက ကဏ္ဍ

၃၀။ ပုဂ္ဂလိက ကဏ္ဍသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း ကဏ္ဍတွင် လုပ်ငန်းတူ၊ ထုတ်ကုန် အမျိုးအစားတူညီသော လုပ်ငန်းရှင်များပူးပေါင်း၍ လုပ်ငန်းအတွေ့အကြုံများနှင့် အသိပညာများဖလှယ်ခြင်း၊ တွဲဘက်၍ တန်ဘိုးမြှင့်ထုတ်ကုန်များ ထွက်ရှိရေး ကြိုးပမ်းခြင်း၊

(ခ) လုပ်ငန်းအချင်းချင်း အပြန်အလှန်ချိတ်ဆက် ဆောင်ရွက်နိုင်ရေးအတွက်စီမံခြင်း၊

(ဂ) စွန့်ဦးတီထွင်မှုများအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊

(ဃ) မိမိလုပ်ငန်း အစဉ်တိုးတက်နေစေရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်စေခြင်း၊

(င) အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက် ခြင်း၊

## စီးပွားရေးဆိုင်ရာပုဂ္ဂလိကအဖွဲ့အစည်းများ

၃၁။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မြန်မာနိုင်ငံတွင် ဖွဲ့စည်းထူထောင်ထားပြီးဖြစ်သည့် လုပ်ငန်းစုံ၊ ကဏ္ဍစုံမှ စီးပွားရေးဆိုင်ရာပုဂ္ဂလိက အဖွဲ့အစည်းများသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) စီးပွားရေးဆိုင်ရာ ပုဂ္ဂလိကအဖွဲ့အစည်းများသည် ၎င်းတို့နှင့် သက်ဆိုင်သည့် နည်းပညာ၊ ကုန်သွယ်မှု၊ ဈေးကွက်ထိုးဖောက်ရေး၊ ကုန်ထုတ်လုပ်မှုနည်းစဉ်၊ သုတေသန နှင့် တီထွင်မှု၊ စွန့်ဦးတီထွင်မှုစသည့် အကူအညီများကို ပေးနိုင်ရေးအတွက် လိုလား စွာဆောင်ရွက်ပေးခြင်း၊

(ခ) မြန်မာနိုင်ငံ စီးပွားရေးကဏ္ဍအတွက် ဥပဒေ၊ နည်းဥပဒေနှင့် မူဝါဒများ ချမှတ်ရာတွင် လုပ်ငန်းရှင်များအား ကိုယ်စားပြု၍ အကြံဉာဏ်များ ပေးခြင်း၊

(ဂ) အခြေခံ အဆောက်အအုံများ အဆင့်မြှင့်တင်ရာတွင် လိုအပ်သော အကြံဉာဏ်များပေးခြင်းနှင့် ကူညီပံ့ပိုးပေးခြင်း၊

(ဃ) မြေနေရာပိုင်ဆိုင်ခွင့်နှင့် ပိုင်ဆိုင်ခွင့်ဥပဒေများ တိုးတက်လာစေရန် အစိုးရအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) ဆွေးနွေးဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများနှင့် ကုန်ပစ္စည်းပြပွဲများမှတစ်ဆင့် စီမံခန့်ခွဲမှုဆိုင်ရာ ပညာရပ်များနှင့် နည်းပညာများကို မျှဝေ ပေးခြင်း၊

(စ) ဈေးကွက်အခြေအနေနှင့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးခြင်းနှင့် ပြည်တွင်းပြည်ပဈေးကွက်တိုးချဲ့လုပ်ကိုင်နိုင်ရေးကူညီ ပေးခြင်း၊

(ဆ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အဓိက လိုအပ်ချက်တစ်ခုဖြစ်သော ငွေကြေးအရင်းအနှီးရရှိနိုင်ရေး ပူးပေါင်းကူညီဆောင်ရွက်ပေးခြင်း၊

(ဇ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများအတွက် စံချိန်စံညွှန်းသတ်မှတ်ပေးနိုင်ရေး အတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) လုပ်ငန်းတူတွေ့ဆုံပွဲများ ကျင်းပပေးခြင်းဖြင့် ပြည်တွင်း အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသို့ လိုအပ်သော နည်းပညာများ လွှဲပြောင်းပေးနိုင်အောင် ကူညီပေးခြင်း၊

(ည) တာဝန်သိ လူမှုရေးဆောင်ရွက်ချက်များ ဖြစ်ထွန်းလာအောင် တိုက်တွန်း ကူညီဆောင်ရွက်ခြင်း၊

(ဋ) အရည်အသွေးမြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် ပြည်ပ စီးပွားရေးအဖွဲ့အစည်းများထံမှ နည်းပညာ၊ ချေးငွေအထောက်အပံ့နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ ရရှိနိုင်ရန် ချိတ်ဆက် ဆောင်ရွက်ပေးခြင်း၊

## အခန်း(၁၀)

## အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းအဆင့်များ သတ်မှတ်ခြင်း

၃၂။ လုပ်ငန်းကဏ္ဍအလိုက် လုပ်ငန်းအဆင့်များ သတ်မှတ်ဆောင်ရွက်သွားရန် အောက်ပါအချက်များ လိုအပ်မည်ဖြစ်ပါသည်-

(က) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ နှင့် အေဂျင်စီ ရုံးခွဲများတည်ထောင်ခြင်း၊

(ခ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ချောမွေ့စွာ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် တစ်နေရာတည်းတွင် ဝန်ဆောင်မှု ပေးသောဌာနများမှ ဒေသအာဏာပိုင်၊ အသင်းအဖွဲ့ရုံးခွဲများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းအမျိုးမျိုးကို တစ်နေရာ တည်းတွင် လိုင်စင်ထုတ်ပေးနိုင်ရေး ဆောင်ရွက်ခြင်း၊

(ဃ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သော အခြေခံအဆောက်အအုံများကို သက်ဆိုင်ရာဒေသအာဏာပိုင်များ၊ ဌာန ဆိုင်ရာများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊

(င) လုပ်ငန်းတူအစုအဖွဲ့များစုပေါင်းထုတ်လုပ်ရေးကိုအားပေးမြှင့်တင်ခြင်း၊

(စ) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျွမ်းကျင်လုပ်သား ပိုမိုရရှိစေရန် စက်မှုသက်မွေးနှင့် သိပ္ပံကျောင်းများအား အဆင့်မြှင့် တင်ခြင်းနှင့် နိုင်ငံခြားစက်မှုသိပ္ပံနှင့် သက်မွေးကျောင်းများအား ရင်းနှီး မြှုပ်နှံရန်ဖိတ်ခေါ်ခြင်း၊

(ဆ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ သတင်းအချက်အလက်များကို အွန်လိုင်းစနစ်ဖြင့် မှတ်တမ်းတင်ထိန်းသိမ်းခြင်းနှင့် ဖြန့်ဝေခြင်း၊

(ဇ) အကောက်ခွန်ဌာနမှ ခွင့်ပြုချက်ရယူရန် လိုအပ်သော ပို့ကုန်သွင်းကုန် ပစ္စည်းများစာရင်းကို ထုတ်ပြန်ပေးခြင်းနှင့် အွန်လိုင်း အကောက်ခွန်ပေးသည့်စနစ်ကို တည်ထောင်ပေးခြင်း၊

(ဈ) အကောက်ခွန်ဆိုင်ရာ အကျိုးဆောင်ကုမ္ပဏီများ တည်ထောင်ခြင်းကို အားပေးမြှင့်တင်၍ ဆိပ်ကမ်းရှင်းလင်းရေးနှင့် အကောက်ခွန်ဆိုင်ရာ လုပ်ငန်းများကို ပိုမိုလျင်မြန်စေခြင်း၊

## အခန်း(၁၁)

## ဦးစားပေးဆောင်ရွက်သင့်သည့်စီးပွားရေးလုပ်ငန်းများ

၃၃။ မူဝါဒ၏ ရည်မှန်းချက် အောင်မြင်စေရန်အတွက် အောက်ပါ စီးပွားရေးလုပ်ငန်းများကို ဦးစားပေးလျက် ရေတို၊ ရေရှည် စီမံကိန်းများဖြင့် ဆောင်ရွက်ရမည်-

(က) တန်ဖိုးမြှင့် ထုတ်ကုန်စီးပွားရေးလုပ်ငန်းများ၊

( ခ) အလုပ်အကိုင်ပေါ်ထွန်းရေးကို အားပေးသော စီးပွားရေးလုပ်ငန်းများ၊

( ဂ) အထောက်အကူပြုစီးပွားရေးလုပ်ငန်းများ၊

(ဃ) ဆန်းသစ်တီထွင်မှုကို အားပေးသော စီးပွားရေးလုပ်ငန်းများ၊

( င) သွင်းကုန် အစားထိုးရေးနှင့် ပို့ကုန်မြှင့်တင်ရေးဆိုင်ရာ စီးပွားရေးလုပ်ငန်း များ၊

၃၄။ ရေတိုဦးစားပေး ဆောင်ရွက်ပေးသင့်သည့်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စားသောက်ကုန်၊သားငါးနှင့် ရေထွက်ကုန်ပစ္စည်း စီးပွားရေးလုပ်ငန်း၊

( ခ) ဥယျာဉ်ခြံထွက်သီးနှံနှင့် ပန်းမာလ်များအား နိုင်ငံတကာအဆင့်မှီ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ၊

(ဂ) လုပ်အားအခြေပြု စီးပွားရေးလုပ်ငန်း၊

(ဃ) တန်ဖိုးမြှင့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်း၊

(င) လယ်ယာကိုင်းကျွန်းလုပ်ငန်း၊ လယ်ယာသုံးကိရိယာနှင့် ဆက်စပ်ပစ္စည်းထုတ်လုပ်မှု စီးပွားရေးလုပ်ငန်း၊

(စ) ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊

(ဆ) ကုန်စည်ဖြန့်ဖြူးရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးစီးပွားရေးလုပ်ငန်း၊

(ဇ) ကျောက်မျက်နှင့် လက်ဝတ်ရတနာ ထုတ်လုပ်မှုစီးပွားရေးလုပ်ငန်း၊

(ဈ) ဆောက်လုပ်ရေး လုပ်ငန်း၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်း ထုတ်လုပ်မှု စီးပွားရေးလုပ်ငန်း၊

(ည) စက်မှု၊ လျှပ်စစ်နှင့် အီလက်ထရောနစ်ဝန်ဆောင်မှုဆိုင်ရာ စီးပွားရေးလုပ်ငန်း၊

(ဋ) အနုပညာလုပ်ငန်းများ၊ လက်မှုလုပ်ငန်းများနှင့် မြန်မာ့ယဉ်ကျေးမှု အခြေခံသော ဝန်ဆောင်မှုလုပ်ငန်း၊

(ဌ) ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်း၊

(ဍ) ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်မှုလုပ်ငန်း၊ (ရေအားစွမ်းအင်၊ ဒီရေ စွမ်းအင်၊ လေစွမ်းအင်၊ နေစွမ်းအင်)

(ဎ) သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ စီးပွားရေးလုပ်ငန်းများ၊

၃၅။ ရေရှည် ဆောင်ရွက်ပေးသင့်သည့်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) တန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်သော စီးပွားရေးလုပ်ငန်းများ၊

(ခ) ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်မှုလုပ်ငန်း(ရေအားစွမ်းအင်၊ ကမ္ဘာမြေ အပူစွမ်းအင်၊ နေစွမ်းအင်)၊

(ဂ) လယ်ယာသုံးယာဉ်၊ စက်ပစ္စည်းနှင့်ကိရိယာများ ထုတ်လုပ်မှုလုပ်ငန်း၊

(ဃ) စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတ်မြေဩဇာ ထုတ်လုပ်မှုလုပ်ငန်း၊

(င) စက်နှင့်စက်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်မှုလုပ်ငန်း၊

(စ) လျှပ်စစ်နှင့် အီလက်ထရောနစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၊

(ဆ) မော်တော်ယာဉ်အစိတ်အပိုင်းများထုတ်လုပ်မှုလုပ်ငန်း၊

(ဇ) စက်မှုကုန်ကြမ်းပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊

(ဈ) ဓာတ်သတ္တုနှင့်ရေနံထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊

(ည) ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း၊

(ဋ) လူသုံးကုန်နှင့် အိမ်သုံးကုန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်မှုလုပ်ငန်း၊

(ဌ) သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာစီးပွားရေးလုပ်ငန်းများ၊

## အခန်း(၁၂)

## မူဝါဒစိစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

၃၆။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့် အောက်ဖော်ပြပါ မူဝါဒစိစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်မည် -

(က) မူဝါဒ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်းများကို လုပ်ငန်းသုံးသပ် အစီရင်ခံရေးအဖွဲ့၏ အစီအစဉ်ဖြင့် ဆောင်ရွက်ခြင်း၊

(ခ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ပကတိ အခြေအနေများ၊ လိုအပ်ချက်များ၊ အခက်အခဲများ၊ လူမှုစီးပွားရေး အပေါ်သက်ရောက်မှုများကို လေ့လာဆန်းစစ်၍ အကဲဖြတ်သုံးသပ်ခြင်း နှင့် မူဝါဒအား လိုအပ်သလို ပြင်ဆင်ရေးဆွဲ၊ အဆိုပြုတင်ပြခြင်း၊

(ဂ) ပြည်တွင်း အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ အခြေအနေနှင့် ကိုက်ညီသည့် ဒေသတွင်းနှင့် နိုင်ငံတကာရှိမူဝါဒများကို နှိုင်းယှဉ်လေ့လာခြင်းနှင့် အဆိုပြုတင်ပြခြင်း၊

(ဃ) အတည်ပြုရရှိပြီးသည့် မူဝါဒဆိုင်ရာရလဒ်များအား အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း များအေဂျင်စီအပါအဝင် သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားခြင်း နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) မူဝါဒစိစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းများ ဆောင်ရွက်နိုင်ရန် အတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ နှင့် မူဝါဒဆိုင်ရာနည်းပညာများ တိုးတက်ရေးကို ပူးပေါင်းဆောင်ရွက် ခြင်းနှင့် စွမ်းရည်မြှင့်တင်ခြင်း၊

## အခန်း(၁၃)

## နိဂုံး

၃၇။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် နယ်ပယ်ကဏ္ဍအသီးသီးမှ ဘက်စုံတိုးတက်လာရန် လိုအပ်ပါသည်။ အထူး သဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံဖြစ်သော အသေးစားနှင့် အလတ်စား စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ကို စက်မှုဖွံ့ဖြိုးတိုးတက်သောနိုင်ငံ အဖြစ်ရောက်ရှိရေး၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ယှဉ်ပြိုင် နိုင်စွမ်းအားဖြင့် အာရှနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်တန်းတူ ဖွံ့ဖြိုးတိုးတက် စေရေးနှင့် လုပ်ငန်းများ၏ရပ်တည်မှုနှင့် ဦးတည်ရာလမ်းကြောင်း မှန်ကန်ရေးတို့ကို ရည်ရွယ်၍ ဤမူဝါဒကို ရေးဆွဲချမှတ်ပါသည်။ သို့ရာတွင် ခေတ်တစ်ခေတ်၏ ပြောင်းလဲ မှုကြောင့်ဖြစ်ပေါ်လာမည့်မတူညီသောစီးပွားရေးဝန်းကျင်နှင့်ခေတ်ရေစီးကြောင်းအရလိုအပ် လာပါကဤမူဝါဒဦးတည်ချက်များကို ညှိနှိုင်းပြင်ဆင်ချမှတ် သွားရမည် ဖြစ်ပါသည်။

၃၈။ ဤမူဝါဒတွင်ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းနှင့်အညီ စီစဉ်၊ ဆောင်ရွက်၊ ပြန်လည် သုံးသပ်၍ ဆက်လက်ဆောင်ရွက်ခြင်းဟူသော စီမံခန့်ခွဲမှုစက်ဝန်းအတိုင်း ဆောင်ရွက်သွားရမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရ၊ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပူးပေါင်းညှိနှိုင်းပေါင်းစပ် အဖြေရှာသည့် (Public-Private-Academic Partnership) အစီအစဉ်ဖြင့် လုပ်ငန်း စဉ်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၃၉။ ဤမူဝါဒသည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး ဆိုင်ရာ ကာလတို၊ ကာလလတ် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေး အတွက် ဖွံ့ဖြိုးမှုမဟာဗျူဟာမူဘောင် (SME Development Strategy Framework) ရေးဆွဲနိုင်ရန်အတွက် လည်းကောင်း၊ နိုင်ငံသား အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များသည် ဤမူဝါဒကို မိမိတို့၏ လမ်းပြကြယ် (Road Map)အဖြစ်လည်းကောင်း၊ မိမိတို့အား အကာအကွယ်ပေးမည့် အရံအတား အဖြစ်လည်းကောင်း လက်ကိုင်ကျင့်သုံး လိုက်နာဆောင်ရွက်ခြင်းဖြင့် မိမိအကျိုး၊ နိုင်ငံ့အကျိုးပါ သယ်ပိုးနိုင်စေရန် ဖြစ်ပါသည်။